၂၀၁၈ခုနှစ်၊စက်မှုဇုန်နှင့်ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာန၊အလုပ်သမားဦးရေစာရင်းများ ကောက်ယူနိုင်ရေး သင်တန်းပေး

နေပြည်တော်၊ ဇွန် ၂၅

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနသည် "၁၉၄၈ ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းယူခြင်း အက်ဥပဒေ"အရ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အလုပ်သမားရေးရာ စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်နှင့် တိကျမှန်ကန်သော စာရင်းများရရှိနိုင်ရန် အလုပ်ဌာနနှင့် အလုပ်သမားဦးရေ စာရင်းများကို နှစ်စဉ်ကောက်ယူပြုစုလျက်ရှိသည်။

နိုင်ငံတော်က စက်မှုဇုန်၊ စက်မှုနယ်မြေအဖြစ် သတ်မှတ်ထားရှိသော နေရာများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်နေသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် အလုပ်သမားရေးရာ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ကောက်ယူ ပြုစုရန်၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက်အလုပ်သမားရေးရာစီမံခန့်ခွဲမှုများ ပြုလုပ်ရာတွင် အထောက်အကူပြုနိုင်ရန်၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအတွက် လုပ်သား အင်အားနေရာချထားရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပိုင်ဆိုင်မှု ကဏ္ဍအလိုက် စက်မှုဇုန်၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေ စာရင်းများကို ၂၀၁၈ ခုနှစ်တွင် ဆက်လက် ကောက်ယူမည်ဖြစ်သည်။

စာရင်းကောက်ယူပြုစုရာတွင် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းကိုဇူလိုင်လအတွင်း၊မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမြို့ပြနှင့်ကျေးလက် ဒေသများမှ စက်မှုဇုန်အတွင်းနှင့် စက်မှုဇုန်ပြင်ပရှိ ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်သမား တစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သော အလုပ်ဌာနနှင့် အလုပ်သမားဦးရေ စာရင်းများကို ဇူလိုင်လဆန်းမှ သြဂုတ်လကုန်ထိ စာရင်းကောက်ယူမှု ရည်ညွှန်းကာလ (Reference period) အဖြစ်ထားရှိပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း စာရင်း ကောက်ယူမည်ဖြစ်သည်။

ဝန်ထမ်းများကွင်းဆင်းစာရင်းကောက်ယူမည့်ကာလအတွင်း လုပ်ငန်းများအဆင်ပြေ ချောမွေ့စေရေးနှင့် တိကျမှန်ကန်သော စာရင်းကိန်းဂဏန်းများ ရရှိနိုင်ရေး၊ လိုအပ်သည့်

Printed by BoltPDF (c) NCH Software. Free for non-commercial use only.

ကူညီပံ့ပိုးမှုများပေးနိုင်ရေးဝန်ကြီးဌာနမှတစ်ဆင့်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဝန်ထမ်းများ စာရင်းကောက်ယူရာတွင် အထောက်အကူဖြစ်စေရန် အလုပ်သမား စာရင်း ကောက်ယူရေးသင်တန်းကို ဝန်ကြီးဌာန၊ စုဝေးခန်းမ၌ ၂၅-၆-၂၀၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က စာရင်းကောက်ယူရာတွင် အချက်အလက်မှန်ကန်စေရန် သတိမူသင့်ယားယားချက်၊ စီမံချက်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ အလုပ်ဌာန၊ အလုပ်သမား စာရင်းများ မှန်ကန်မှုရှိစေရန်၊ အရည်အသွေးရှိပြီး တိကျမှန်ကန်သည့် စာရင်းများရရှိစေရန် အရေးကြီးကြောင်းမှာကြားခဲ့ပြီး အဆိုပါသင်တန်းသို့ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ်ရုံးများမှ သင်တန်းသား အရာထမ်း ၂၈ ဦး တက်ရောက်ခဲ့သည်။

စာရင်းကောက်ယူမည့်စာရင်းကောက်မေးခွန်းလွှာတွင် စက်ရုံ၊အလုပ်ရုံ၊ အလုပ်ဌာန များ၏ အခြေခံအကြောင်းအချက်များ၊ လုပ်ငန်းအရွယ်အစား၊ ပိုင်ဆိုင်မှုအမျိုးအစား၊ ထုတ်လုပ် သည့်ပစ္စည်း၊ ဆောင်ရွက်မှု၊ ကျား/ မ အလိုက် နိုင်ငံသားအလုပ်သမားနှင့် နိုင်ငံခြားသားအလုပ်သမား လုပ်ကိုင်မှုအခြေအနေ၊ ကျွမ်းကျင်မှုအဆင့်၊ အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုမှု၊ အလုပ်ခန့်ထားရေးကတ်ပြားရှိသူ၊ လူမှုဖူလုံရေး အကျုံးဝင်မှုစသည့် အချက်အလက်များကို မေးမြန်းကောက်ယူမည်ဖြစ်သည်။

အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ကောက်ယူသော စစ်တမ်းများနှင့် အမျိုးသား စာရင်းအင်းစနစ် (System of National Account-SNA) မှ လိုအပ်သော အချက်အလက်များ တောင်းခံလာခြင်းကို နှစ်စဉ်ကောက်ယူလျက်ရှိသော စက်မှုဇုန်နှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာန၊ အလုပ်သမားဦးရေ စာရင်းများမှ စာရင်းစဉ် (Frame) အဖြစ် အသုံးပြုနိုင်ရန် ပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

Printed by BoltPDF (c) NCH Software. Free for non-commercial use only.